Emergency Response Coordination Unit

## ပျဉ်းမနား

လွတ်လပ်သောသတင်းမီဒီယာ တခုဖြစ်သည့် ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) ၏ အဆိုအရ မြေငလျင်ကြောင့် သေဆုံးသူအရေအတွက်မှာ ပျဉ်းမနားမြို့တွင် ၈၆ဦး အထက်နှင့် နေပြည်တော်မြို့တွင် ၂၉၆ ဦး အထက် ရှိသည်ဟု သိရသည်။ ပျဉ်းမနားမြို့တွင် ရေလိုအပ်ချက် မြင့်တက်နေပြီး သောက်ရေနှင့် သုံးရေ အခက်အခဲများကို ရင်ဆိုင်နေရသည်။

### အရေးပေါ် လိုအပ်ချက်များ

- စောင်၊ ခြင်ထောင်နှင့် ဖျာများ
- ဆိုလာမီးများ
- ရိက္ခာခြောက်များ
- သောက်ရေနှင့် သုံးရေအတွက် ရေသန့်စင်ပစ္စည်းများ
- သေဆုံးခန္ဓာများအား ရှာဖွေနိုင်ရန် လိုအပ်ချက်
- ဆေးဝါးများ
- ခြင်ဆေးများ
- အိပ်စက်ခိုလှုံရာနေရာများ

### အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်အနေဖြင့် မြန်မာနိုင်ငံရှိ ငလျင်ဒဏ် ခံစားရသူများ အတွက် အရေးပေါ် ပံ့ပိုးမှုအဖြစ် **၁၀၄,၁၅၆,၁၅၂** ကျပ်အထိ ပေးပို့လှူဒါန်းထားပါသည်။ အဆိုပါ လှူဒါန်းမှုတွင် မန္တလေးဒေသရှိ ငလျင်ဒဏ် ခံစားရသူများအတွက် ၈၂,၇၅၆,၁၆၂ ကျပ်နှင့် စစ်ကိုင်းဒေသရှိ ငလျင်ဒဏ် ခံစားရသူများအတွက် ကျပ်သိန်းပေါင်း ၁၀၀၊ ပျဉ်းမနားဒေသရှိ ငလျင်ဒဏ် ခံစားရသူများအတွက် ကျပ်သိန်းပေါင်း ၅၀ နှင့် အွန်လိုင်းဆေးခန်းအတွက် ကျပ်သိန်းပေါင်း ၆၄ သိန်း အထိ ပေးပို့လှူဒါန်း ထားပါသည်။

